# မာတိကာ


* စာရေးသူ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ
* ကျေးဇူးတင်လွှာ
* ထုတ်ဝေသူ၏အမှာစာ
* မမိုးမြေ အမှာစာ – နှလုံးစိတ်ဝမ်း အေးချမ်းစေသတည်း
* ဒေါက်တာထိပ်တင်ပန် – ဂီတစာပေအတွက် အင်အားတစ်ခု

| အခန်း | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| | | နိဒါန်း | |
| ၁။ | | ဂီတစာပေသဘော | ၁ |
| | ၁၊ ၁။ | မြန်မာ့ဂီတစာပေသမိုင်း | ၄ |
| | ၁၊ ၂။ | တရားတော်၏ဂုဏ်ရည် | ၇ |
| | ၁၊ ၃။ | ဓမ္မတေးဂီတ ဟူသည် | ၉ |
| ၂။ | | ရောင်ခြည်တော်ဘွဲ့တေးသီချင်းများလေ့လာချက် | ၁၅ |
| | ၂၊ ၁။ | ထူးမခြားနား သီချင်းခံ | ၁၆ |
| | ၂၊ ၂။ | ရောင်တော်ဖွင့်သီချင်း | ၃၂ |
| | ၂၊ ၃။ | ရောင်ခြည်တော်ဘွဲ့ကြိုးသီချင်း | ၄၄ |
| | ၂၊ ၄။ | ခြောက်သွယ်ရောင်ခြည်သီချင်း | ၄၉ |
| ၃။ | | ဇာတ်တော်ကြီးဆယ်ဘွဲ့ တေးသီချင်းများ | ၅၇ |
| | ၃၊ ၁။ | တေမိယသီချင်း | ၅၉ |
| | ၃၊ ၂။ | မဟာဇနကသီချင်း (၂) ပုဒ် | ၆၄ |
| | ၃၊ ၃။ | သုဝဏ္ဏသာမ သီချင်း ၃ ပုဒ် | ၇၇ |
| | ၃၊ ၄။ | တေဇသုနေမ သီချင်း | ၉၁ |
| ၄။ | | တရားတော်ဆိုင်ရာတေးသီချင်းများ လေ့လာချက် | ၉၉ |
| | ၄၊ ၁။ | သုတ္တန်ဆိုင်ရာတေးသီချင်းများလေ့လာချက် | ၁၀၂ |
| | ၄၊ ၁၊ ၁။ | ဇောခိပင်နှင့် ရွှေပလ္လင်သီချင်း | ၁၀၃ |
| | ၄၊ ၁၊ ၂။ | ဓမ္မစကြာသီချင်း | ၁၁၁ |
| | ၄၊ ၁၊ ၃။ | မေတ္တာဂုဏ်သီချင်း | ၁၁၈ |
| | ၄၊ ၁၊ ၄။ | ငါးပါးပဥ္စသီ သီချင်း | ၁၂၃ |
| | ၄၊ ၁၊ ၅။ | သီတာရတနာ သီချင်း | ၁၂၉ |
| | ၄၊ ၁၊ ၆။ | ဂုဏ်တော်ဖွင့်သီချင်း | ၁၃၄ |
| | ၄၊ ၂။ | အဘိဓမ္မာဆိုင်ရာတေးသီချင်းများလေ့လာချက် | ၁၃၇ |
| | ၄၊ ၂၊ ၁။ | တေဘုမ္မာသီချင်း | ၁၃၈ |
| | ၄၊ ၂၊ ၂။ | မဂ္ဂင်ရှစ်ပါးသီချင်း | ၁၅၂ |
| | ၄၊ ၃။ | ဂါထာတော်ဆိုင်ရာတေးသီချင်းများလေ့လာချက် | ၁၅၈ |
| | ၄၊ ၃၊ ၁။ | အန္တရာယ်ကင်းသီချင်း | ၁၅၉ |
| | ၄၊ ၃၊ ၂။ | အောင်ခြင်းရှစ်ပါးသီချင်း | ၁၆၈ |
| | ၄၊ ၃၊ ၃။ | စိန္တာမဏိသီချင်း | ၁၈၁ |
| ၅။ | | ဘုရားသမိုင်းဆိုင်ရာတေးသီချင်းများလေ့လာချက် | ၁၈၇ |
| | ၅၊ ၁။ | ရွှေတိဂုံသမိုင်း သီချင်း | ၁၈၉ |
| | ၅၊ ၂။ | မြတ်ဘုရားရွှေတိဂုံသီချင်း | ၁၉၅ |
| | ၅၊ ၃။ | မဟာမြတ်မုနိသီချင်း | ၂၀၁ |
| | | ခြုံငုံသုံးသပ်ချက် | ၂၁၁ |
| | | နိဂုံး | ၂၂၁ |
| | | ကျမ်းကိုးစာရင်း | ၂၂၂ |
| | | အက္ခရာစဉ်အညွှန်း | ၂၂၆ |
| | | နောက်ဆက်တွဲ | ၂၃၁ |


# နှလုံးစိတ်ဝမ်း အေးချမ်းစေသတည်း

ဒေါက်တာယဉ်မာအေး၏ 'ဓမ္မပူဇာတေးသီချင်းများလေ့လာချက်' စာအုပ်သည် ၂၀၂၀ ပြည့်နှစ်တွင် ပါရဂူဘွဲ့(မြန်မာစာ)အတွက် တင်သွင်းခဲ့သောကျမ်း ဖြစ်ပါသည်။ ပါရဂူဘွဲ့ ရပြီးနောက် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့က နှစ်စဉ်ကျင်းပသော ပညာရှင်ဆုအတွက် ပါဝင်ယှဉ်ပြိုင်ခဲ့ရာတွင် ပညာရှင်ဆုရကျမ်းလည်း ဖြစ်ပါသည်။

'ဓမ္မပူဇာတေးသီချင်းများလေ့လာချက်' စာအုပ်တွင် ပါဝင်သော ဓမ္မပူဇာတေးများကို ကိုလိုနီခေတ် တေးပြုစာဆိုများက ရေးဖွဲ့ခဲ့ကြပါသည်။ ဤစာအုပ်တွင် ဓမ္မပူဇာတေး ရေးသူများအဖြစ် နန်းတော်ရှေ့ဆရာတင်၊ ရွှေတိုင်ညွှန့်၊ အေဝမ်းဆရာညာ၊ သဟာယဆရာတင်၊ ဒဂုန်ဆရာတင်၊ ကျိုက်လတ်ဦးပြုံးချို၊ စောင်းဦးဘသန်း တို့ ပါဝင်ပါသည်။ ကိုလိုနီခေတ်တွင် စာရေးဆရာ၊ တေးရေးဆရာတို့သည် အနုပညာစွမ်းအားဖြင့် နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်များ ကိန်းအောင်းပွားများလာရေးအတွက် တာဝန်ကျေကျေ ထမ်းဆောင်ခဲ့ကြပါသည်။ နယ်ချဲ့ဆန့်ကျင်ရေးဝတ္ထုများ၊ ဆောင်းပါးများ အများအပြား ရေးခဲ့ကြသကဲ့သို့ နယ်ချဲ့ဆန့်ကျင်ရေး တေးသီချင်းများ၊ ဇာတိမာန် တေးသီချင်းများကိုလည်း အဆက်မပြတ် ရေးဖွဲ့ခဲ့ကြပါသည်။ တေးပြုစာဆိုတို့၏ တာဝန်ကျေပွန်ပုံမှာ ထူးခြားပြီး လေးစားလောက်ပါသည်။ နယ်ချဲ့လက်အောက်သို့ ကျရောက်၍ မှေးမှိန်သိမ်ငယ်နေသော မြန်မာတို့၏ စိတ်ဓာတ်များကို မြှင့်တင်ပေးရုံသာမက တိုင်းတပါး၏ ယဉ်ကျေးမှုများ လွှမ်းမိုး၍ အမျိုး၊ ဘာသာ၊ သာသနာ ညှိုးနွမ်းမည်ကိုစိုးသည်။ မြန်မာ့ယဉ်ကျေးမှုများ ပျောက်ကွယ်ပြီးလျှင် မြန်မာစိတ်ဓာတ်များ ပျောက်ပျက်မည်ကိုပါ တွေး၍ ပူခဲ့ကြသည်။ မြန်မာတို့အနေနှင့် နယ်ချဲ့လက်အောက်၌ ရှိနေသော်လည်း ကိုယ့်ယဉ်ကျေးမှု၊ ကိုယ် ယုံကြည်ကိုးကွယ်မှုများနှင့် နေထိုင်ခြင်းဖြင့် မြန်မာစိတ်ဓာတ် မပျောက်ပျက်အောင် ထိန်းသိမ်းပေးခဲ့ကြပါသည်။

ဗုဒ္ဓနှင့် ဗုဒ္ဓတရားတော်၌ ထာဝစဉ် ယုံကြည်ကိုးကွယ်စိတ် ရှိကြရန်နှင့် မြန်မာ့ယဉ်ကျေးမှုနှင့်အညီ နေထိုင်တတ်ကြရန် ဓမ္မပူဇာတေးများကို ရေးဖွဲ့၍ တေးဂီတအနုပညာစွမ်းအားဖြင့် မြန်မာ့နှလုံးသားကို အလှမပျက်အောင် တာဝန်ကျေခဲ့ကြခြင်း ဖြစ်ပါသည်။

ဒေါက်တာယဉ်မာအေးသည် ပါရဂူဘွဲ့အတွက် ကျမ်းခေါင်းစဉ် ရွေးချယ်ရာ၌ နိုင်ငံမလွတ်လပ်သည့် အနေအထား၌ပင် မြန်မာ့စိတ်ဓာတ် မပျက်ယွင်းအောင် ကူညီစောင့်ရှောက်ခဲ့ကြသော တေးပြုစာဆိုတို့၏ စေတနာနှင့် အနုပညာဖန်တီးမှုအစွမ်းတို့ကို ဂုဏ်ပြုလိုသော စေတနာပါမည်ဟု ယုံကြည်ပါသည်။ ကိုလိုနီခေတ် တေးပြုစာဆိုများ၏ အနုပညာဂုဏ်ရည်ကို ပေါ်လွင်အောင် စေ့စေ့စပ်စပ် လေ့လာတင်ပြထားပါသည်။

ဓမ္မပူဇာတေးများကို သုတေသနပြု၍ ရေးသားရာ၌ စီစဉ်တင်ပြပုံ စနစ်ကျသည်။

အခန်း (၁) တွင် ဂီတစာပေ၏ သဘော၊ အခန်း (၂) တွင် ရောင်ခြည်တော်ဘွဲ့တေးသီချင်းများ လေ့လာချက်၊ အခန်း (၃) တွင် ဇာတ်တော်ကြီးဆယ်ဘွဲ့ တေးသီချင်းများ လေ့လာချက်၊ အခန်း (၄) တွင် တရားတော်ဆိုင်ရာ တေးသီချင်းများ လေ့လာချက်၊ အခန်း (၅) တွင် ဘုရားသမိုင်းဆိုင်ရာ တေးသီချင်းများ လေ့လာချက် ဟူ၍ အခန်း (၅) ခန်း ခွဲခြားတင်ပြထားပါသည်။

အခန်း ( ၁ ) ဂီတစာပေ၏သဘောကို ရေးသားရာ၌ ဂီတ၏သဘော၊ ဓမ္မတေးဂီတ၏ သဘောများကို အဆိုအမိန့်၊ အကိုးအကား ခိုင်မာစွာနှင့် ရှင်းပြထားသည်။ ပုဂံခေတ် တောင်ဂူနီဘုရား ကျောက်စာမှစ၍ ဘုရားကို လှူဒါန်းသော ကျွန်စာရင်းတွင် တေးဂီတ အနုပညာရှင်များ ပါဝင်နေပုံ၊ အင်းဝခေတ်တွင်လည်း ဂီတတူရိယာပစ္စည်းများနှင့် ကခုန်သီဆိုမှုများ ရှိခဲ့ပုံ၊ ကြိုးသီချင်းများ ပေါ်ပေါက်ခဲ့ပုံတို့ကို ဖော်ပြထားသည်။ ခေတ်အဆက်ဆက် တေးဂီတအနုပညာများ ထွန်းကားခဲ့ပုံတို့ကို တင်ပြခဲ့သည်။ ထိုမှတဆင့် ဓမ္မပူဇာတေးများတွင် မြတ်ဗုဒ္ဓ၏ တရားတော်များ၊ ဖြစ်တော်စဉ်များ၊ ဂုဏ်တော်များအကြောင်းကို ရေးဖွဲ့ပူဇော်ခဲ့ကြပုံတို့ကို ရေးသား တင်ပြထားပါသည်။ ဗုဒ္ဓဘုရားရှင်လက်ထက်ကပင် ဂီတ၏အထောက်အပံ့ဖြင့် တရားသိမြင် ကျွတ်တန်းဝင်ခဲ့ကြသော အကြောင်းများကို ခိုင်ခိုင်မာမာ ဖော်ပြထားသည်။

အခန်း ( ၂ ) တွင် ရောင်ခြည်တော်ဘွဲ့ဖြစ်သော ထူးမခြားနား သီချင်းသည် သီချင်းခံဖြစ်ကြောင်း၊ သီချင်းခံ၏ သဘော၊ 'ထူးမခြားနား' ဆိုသော သီချင်းအမည်၏ အနက်တို့ကို ပညာရှင်များနှင့် ဘာသာရေးကျမ်းပါ အဆိုအမိန့်များကို ကိုးကား၍ ရှင်းပြထားသည်။ သီချင်း၏ နောက်ခံ၊ အကြောင်းအရာ၊ အရေးအဖွဲ့၊ တေးသွားသံစဉ်တို့ကို ရှင်းပြသည်။ ဝေဖန်သုံးသပ်ပြသည်။

'ထူးမခြားနား'သီချင်းရေးသူနှင့်ပတ်သက်၍ဝိဝါဒ ကွဲပြားချက်များကိုအထောက်အထားများနှင့် ဆွေးနွေးတင်ပြသည်။ ကျီးသဲလေးထပ်ဆရာတော်၏ 'ဓိနတ္ထပကာသနီကျမ်း'ကဲ့သို့ ဘာသာရေးကျမ်းအပြင် ကဗျာနိယာမနှင့်သင်္ချာကို တင်ပြသော တက္ကသိုလ်ဘုန်းနိုင်၏ 'လီရနာ၊ ဂင်္ဂါ၊ ဧရာဝတီ' စာအုပ်များကိုလည်း အကိုးအထောက်ပြုထားသည်။ မတူညီသော စာဆိုများ၏ ရောင်ခြည်တော်ဘွဲ့ဆိုင်ရာ တေးသီချင်းများကိုလည်း သုံးသပ်ပြထားပါသည်။

အခန်း (၃ ) တွင် ဇာတ်တော်ကြီးဆယ်ဘွဲ့ တေးသီချင်းများ လေ့လာချက် ပါဝင်သည်။ ဗုဒ္ဓဘုရားရှင်၏ ဘဝဖြစ်တော်စဉ်ဆိုင်ရာ တေးသီချင်းများ ဖြစ်သည်။ တေမိယ၊ သုဝဏ္ဏသာမ၊ မဟာဇနကဇာတ်များကို ဂီတစာဆိုအသီးသီးက တေးဖွဲ့သီခဲ့ကြသည်။

မဟာဇနက သီချင်းကို အေဝမ်းဆရာညာနှင့် ရွှေတိုင်ညွှန့်တို့ ရေးဖွဲ့ခဲ့ရာ စာရေးသူက အကြောင်းအရာ အလေးပေးတင်ပြဟန်၊ ဖွဲ့နွဲ့ဟန်တို့ကို နှိုင်းယှဉ်တင်ပြထားပါသည်။

သုဝဏ္ဏသာမ သီချင်းကိုမူ ရွှေတိုင်ညွှန့်၊ စောင်းဦးဘသန်း၊ အေဝမ်းဆရာညာ တို့က ရေးဖွဲ့ခဲ့ရာ စာရေးသူက နှိုင်းယှဉ်တင်ပြခဲ့သည်။

အခန်း (၄ )မှာ တရားတော်ဆိုင်ရာ တေးသီချင်းများ လေ့လာချက် ဖြစ်ပါသည်။ စာရေးသူက သုတ္တန်ဆိုင်ရာ တေးသီချင်းများ လေ့လာချက်၊ အဘိဓမ္မာဆိုင်ရာ တေးသီချင်းများ လေ့လာချက်၊ ဂါထာတော်ဆိုင်ရာ တေးသီချင်းများ လေ့လာချက်ဟု သုံးမျိုးတပ်၍ ခွဲခြားလေ့လာ တင်ပြထားပါသည်။

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသ၏ သုတ္တန်၊ အဘိဓမ္မာ၊ ဂါထာတို့၏ သဘော ရှင်းလင်းချက်များကို ကိုးကားတင်ပြထားပါသည်။ ထိုကဏ္ဍအသီးသီးတွင် ပါဝင်သော တေးသီချင်းများကို လေ့လာတင်ပြပါသည်။ သဟာယဆရာတင်၊ အေဝမ်းဆရာညာ၊ ရွှေတိုင်ညွှန့်တို့က ရေးဖွဲ့ခဲ့ကြပါသည်။

အခန်း ( ၅ ) သည် ဘုရားသမိုင်းဆိုင်ရာ တေးသီချင်းများ လေ့လာချက် ဖြစ်ပါသည်။ ရွှေတိဂုံသမိုင်း၊ မြတ်ဘုရားရွှေတိဂုံနှင့် မဟာမြတ်မုနိ သီချင်းများ ပါဝင်ပြီး ဒဂုန်ဆရာတင်၊ စောင်းဦးဘသန်း၊ အေဝမ်းဆရာညာ တို့ ရေးဖွဲ့ခဲ့ကြသည်။ တေးတစ်ပုဒ်တည်း၌ပင် ဘုရားသမိုင်း စုံစုံလင်လင်နှင့် ကြည်ညိုဖွယ်၊ ကြည်နူးဖွယ်ဖြစ်အောင် ဖွဲ့ဆိုခဲ့ကြပါသည်။

ဒေါက်တာယဉ်မာအေးသည် ဓမ္မပူဇာတေးများကို လေ့လာ၍ ကျမ်းပြုခြင်းဖြင့် ကိုလိုနီခေတ် တေးပြုစာဆိုတို့၏ စေတနာနှင့် အနုပညာစွမ်းရည်တို့ကို ဖော်ထုတ်ပြသနိုင်ခဲ့ပါသည်။ ရောင်တော်ဖွင့်၊ ထူးမခြားနား၊ ဇောခိပင်နှင့်ရွှေပလ္လင်၊ ငါးပါးပဥ္စသီ စသည့် ဓမ္မတေးများကို တင်ပြရာတွင် သိသင့်သိထိုက်သော ဘာသာရေးဆိုင်ရာ ဗဟုသုတများကို အကိုးအကား၊ အထောက်အထားများနှင့် ရှင်းပြထားရာ တန်ဖိုးကြီးမားလှပါသည်။ ဗုဒ္ဓဘာသာဝင် မြန်မာတို့အနေနှင့် ကြားနေကျ ဖြစ်သော်လည်း သေသေချာချာ မသိခဲ့သည့်အကြောင်းများကို သိခွင့်ရလိုက်တိုင်း ကျေနပ်နှစ်သက်မိမည်မှာ အမှန်ပင် ဖြစ်ပါသည်။

နက်နဲသော ဘာသာရေးဆိုင်ရာ အကြောင်းများကို တေးအဖြစ် ဖွဲ့ဆိုရာတွင် သိမ်မွေ့နက်နဲ၍ ခံ့ညားသော စကားသုံးများကို ရွေးချယ် သီကုံးထားသည်။ တေးသွားသံစဉ်က ငြီးငွေ့ဖွယ်မဖြစ်။ သွက်သွက်လက်လက်ရှိ၍ ချိုချိုပြေပြေလည်း ရှိသည်။ ကြည်ညိုဖွယ်လည်း ဖြစ်သည်။ တေးသွားသံစဉ်၏ ချိုပြေချောမွေ့မှုကြောင့် ကိုလိုနီခေတ်က လူအများ နှုတ်ဖျားတွင် ပြန့်လွင့်နေခဲ့ခြင်း ဖြစ်ပါသည်။ မြန်မာတို့အတွက် မလုံခြုံသောခေတ်တွင် ကိုးကွယ်ယုံကြည်မှု ဖြစ်သော ဗုဒ္ဓတရားတော်၊ ဂါထာတော်များကို တေးအဖြစ် ရွတ်ရင်း ဆိုရင်း စိတ်လုံခြုံမှု ရစေသည်။ ဘေးရန်ကင်းစေသည်။ ဘာသာရေးအသိလည်း တိုးစေသည်။ တိုင်းတပါးလက်အောက်၌ နေရသော်လည်း ယုံကြည်မှုရှိလာအောင် စွမ်းဆောင်နိုင်ခဲ့ကြသည့် ကိုလိုနီခေတ် တေးပြုစာဆိုတို့၏ အနုပညာကို စေ့စေ့စပ်စပ် လေ့လာသုံးသပ် တင်ပြထားသည့် ဒေါက်တာယဉ်မာအေး၏ စေတနာနှင့် သုတေသနစွမ်းအား၊ ပါရဂူဘွဲ့နှင့် ထိုက်တန်သည့် ကျမ်းတစ်စောင် ဖြစ်လာအောင် ကြိုးစားအားထုတ်မှုတို့သည် ချီးကျူးလေးစားလောက်ပါသည်။

ဒေါက်တာယဉ်မာအေး၏ ဓမ္မပူဇာတေးသီချင်းများ လေ့လာချက် စာအုပ်သည် စာဖတ်သူတို့အား ဗုဒ္ဓတရားတော်များ၏ အနှစ်သာရ၊ တေးဂီတအနုပညာပစ္စည်းမှ ပေးသော ရသများကို ပေးစွမ်းနိုင်၍ စာဖတ်သူတို့အား နှလုံးစိတ်ဝမ်း အေးချမ်းစေနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။


**ဒေါက်တာခင်သန်းဦး(မမိုးမြေ)**
ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)၊
မြန်မာစာဌာန၊ ပုသိမ်တက္ကသိုလ်
အလုပ်အမှုဆောင်အဖွဲ့ဝင်
မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့